# အမေရိကန်တန်းတူညီမျှသောအလုပ်ခန့်အပ်မှုအခွင့်အလမ်း ကော်မရှင်

# ခွဲခြားဆက်ဆံမှုကိုတားမြစ်ရေးက ကောင်းမွန်သောလုပ်ငန်းဖြစ်သည်

***ခွဲခြားဆက်ဆံရေးကိုတားမြစ်ခြင်းကကောင်းမွန်သောလုပ်ငန်းဖြစ်သည်။*** ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ခြင်းက လုပ်သားကုတ်ထုတ်လုပ်နိုင်စွမ်း၊ အလုပ် မြဲခြင်း၊ ကျင့်ဝတ်နှင့်ညီ၍တရားရေးဆိုင်ရာ ကုန်ကျစရိတ်များကန့်သတ်ထားနိုင်ခြင်းတို့ကိုတိုးမြှင့်စေနိုင်သည်။ မသန်စွမ်းဖြစ်သည့်တစ်သီးပုဂ္ဂလ လုပ်သားများကို အလုပ်ခန့်အပ်ခြင်းဖြင့် သင့်ကအခွန်အခအကျိုးခံစားခွင့်များရှိနိုင်သလို မသန်စွမ်းဖြစ်သည့်တစ်သီးပုဂ္ဂလလုပ်သားများက သင့်လုပ်ငန်းတွင်ပိုမိုပါဝင်ပတ်သက်နိုင်စေပါသည်။ နောက်ထပ်အချက်အလက်များရယူရန်ဤတွင်ကြည့်ပါ။ http://www.eeoc.gov/eeoc/publications/adahandbook.cfm#appendixa

***EEOC ကအသေးစားလုပ်ငန်းရှင်များကိုကူညီနိုင်ပါသည်။*** EEOC မှာဗဟိုအစိုးရအဖွဲ့အစည်းဖြစ်၍ လူမျိုး၊အသားအရောင်၊ကိုးကွယ်မှုဘာသာ၊လိင်၊ နိုင်ငံသား ဇစ်မြစ်၊ မသန်စွမ်းမှု၊အသက်၊နှင့်မျိုးရိုးအချက်အလက်တို့အပေါ်ခွဲခြားဆက်ဆံခြင်းမပြုရသည့်ဥပဒေကိုထုတ်ပြန်ထားပါသည်။ ဤဥပဒေများသည် ခွဲခြားဆက်ဆံမှုကိုတိုင်ကြားခြင်းသို့မဟုတ် ကာကွယ်ပြောဆိုခြင်းကြောင့် နှင့် ခွဲခြားဆက်ဆံမှုပြုလုပ်သဖြင့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားစွဲဆိုမှုတို့ကြောင့် လက်စားချေတုံ့ပြန်မှု (အပြစ်ပေးမှု) ကိုတားမြစ်ထားပါသည်။

## သင်၏တာဝန်ဝတ္တရား

- လူမျိုး၊အသားအရောင်၊ကိုးကွယ်မှုဘာသာ၊လိင်၊ နိုင်ငံသား ဇစ်မြစ်၊ မသန်စွမ်းမှု၊အသက်၊နှင့်မျိုးရိုးအချက်အလက်တို့အပေါ်အခြေပြုပြီး **အလုပ်အကိုင်ခန့်အပ်ခြင်းဆုံးဖြတ်ချက်မချရန်သေချာလုပ်ဆောင်ပါ။**
- **အလုပ်ခွင်မူဝါဒများနှင့်ကျင့်သုံးမှုများ** မှာ အလုပ်နှင့်ဆက်နွယ်စေရန်နှင့် လူမျိုး၊အသားအရောင်၊ကိုးကွယ်မှု ဘာသာ၊လိင်၊ နိုင်ငံသား ဇစ်မြစ်၊ မသန်စွမ်းမှု၊အသက်၊စသည့်သူများကို အချိုးအဆမညီမျှစွာ မပါဝင်မှုမပြုလုပ်ရ။
- လူမျိုး၊အသားအရောင်၊ကိုးကွယ်မှုဘာသာ၊လိင်၊ နိုင်ငံသား ဇစ်မြစ်၊ မသန်စွမ်းမှု၊အသက်၊နှင့်မျိုးရိုးအချက်အလက်တို့ကြောင့် **လုပ်သားများကို နိုင်ထက်စီးနှင့်မပြုလုပ်ရန်သေချာလုပ်ဆောင်ပါ၊**
- ဥပဒေအောက်တွင်လုပ်အားခမတူညီစွာမပေးနိုင်လျှင် **အလုပ်အကိုင်တူညီသောအမျိုးသမီးနှင့်အမျိုးသားများကို ထပ်တူညီသောလုပ်အားခပေးပါ။**
- **ခွဲခြားဆက်ဆံခြင်းတိုင်ကြားမှုများကို ချက်ချင်းဆိုသလို သင့်တော်စွာကိုင်တွယ်ပါ။** နိုင်ထက်စီးနှင့်လုပ်ခြင်းနှင့်ခွဲခြားဆက်ဆံခြင်းတို့ကိုရပ်ပြီးတားမြစ်ပါ၊ တိုင်ကြားမှုကြောင့်လုပ်သားများအပြစ်မပေးခံရသည်ကိုသေချာလုပ်ဆောင်ပါ။
- ဥပဒေမှသတ်မှတ်ထားလျှင်၊ ဆေးဘက်ဆိုင်ရာနှင့်ကိုးကွယ်မှုဆိုင်ရာအတွက်လိုအပ်သည့် လျှောက်ထားသူများနှင့်လုပ်သားများကို သင့်တော်သောနေရာထိုင်ခင်းပေးအပ်ပါ ( လုပ်သားက ဆရာဝန်နှင့်သွားပြနိုင်ရန်ဖြစ်စေ ဘာသာရေးအခါကြီး ရက်ကြီးတွင်ပါဝင်လို၍ဖြစ်စေ ခွင့်ပြုနိုင်စေသည့် အလုပ်ခွင်ပြောင်းလဲမှုများကို ပြောင်းလဲလုပ်ဆောင်ပါ)
- အစိုးရလုပ်သားခွဲခြားဆက်ဆံရေးဥပဒေပြထားသည့် **ပိုစတာကိုကပ်ထားပါ။** (ဤတွင်အခမဲ့ဒေါင်းလုတ်ဆွဲပါ http://www1.eeoc.gov/employers/poster.cfm)။
- ဥပဒေမှသတ်မှတ်ထားလျှင်၊ (လျှောက်လွှာများနှင့်ပုဂ္ဂိုလ်ရေးမှတ်တမ်းများကဲ့သို့သော) **လုပ်သားမှတ်တမ်းကိုထားရှိပါ။**

  အစိုးရသို့မဟုတ် ပြည်နယ်ဥပဒေများအောက်တွင် နောက်တိုးတာဝန်များသင့်တွင်ရှိနိုင်သည်။

ပြည်မ၊ ပြည်နယ် (သို့) ဒေသန္တရ ဥပဒေများအောက်တွင် နောက်ထပ် တာဝန်ရှိမှုများလည်း ရှိနိုင်ပါသည်။

## ကျွန်ုပ်တို့ဘယ်လိုကူညီရမလဲ

- ကျွန်ုပ်တို့သတ်မှတ်ထားသည့်ဥပဒေများနှင့်ပတ်သက်၍ **သင့်မေးခွန်းများကို ကျွန်ုပ်တို့ဖြေဆိုနိုင်ပါသည်။**
- နိုင်ထက်စီးနင်းပြုခြင်း၊လက်စားချေခြင်းနှင့်အခြားဥပဒေနှင့်မညီသောခွဲခြားဆက်ခံခြင်းများကို တားမြစ်ရန် **သင့်ကိုကျွန်ုပ်တို့ အကြံဉာဏ်များ ပေးနိုင်ပါသည်။**
- အလုပ်ခွင်အခွင့်အရေးနှင့်တာဝန်များအကြောင်း **သင်နှင့်သင့်လုပ်သားများကို ကျွန်ုပ်တို့လေ့ကျင့်ပေးနိုင်သည်။**
- ကြားဝင်ဆောင်ရွက်ခြင်းဖြင့် EEOC **ခွဲခြားဆက်ဆံမှုကိုတရားစွဲဆိုမှု (တိုင်ကြားမှု) ကို ကျွန်ုပ်တို့ ကူညီဖြေရှင်းပေးနိုင်သည်။** EEOC ကြားဝင်ဆောင်ရွက်မှုမှာ အခမဲ့၊ ပုံမှန်အတိုင်းမဟုတ်ဘဲ သင့်ကိုငွေကြေးနှင့့ အချိန်ကုန်သက်သာစေမည့် အငြင်းပွားမှုဖြေရှင်းရေးလျှို့ဝှက်လုပ်ငန်းစဉ်ဖြစ်ပါသည်။

## ကျွန်ုပ်တို့ကိုဆက်သွယ်ရန်

**နိုင်ငံတဝှမ်းရှိ EEOC ဝန်ထမ်းများကသင့်ကိုကူညီရန်အသင့်ရှိပါသည်။ မစောင့်ပါနှင့်၊ ကျွန်ုပ်တို့ကိုယနေ့ဆက်သွယ်လိုက်ပါ!**
လိုအပ်လျှင် ဘာသာစကားများဝန်ဆောင်မှုကိုအခမဲ့ရနိုင်ပါသည်။

- ***EEOC အချက်အလက်နှင့်သင်တန်းကိုလိုအပ်နေပါသလား*** သင့်၏နယ်ခံ EEOC အသေးစားလုပ်ငန်းအရာရှိကိုဆက်သွယ်ပါ (http://www.eeoc.gov/employers/contacts.cfm) သို့မဟုတ် ကျွန်ုပ်တို့ကို 1-800-669-4000 (TTY: 1-800-669-6820) မှာခေါ်ဆိုပါ။
- **ကျွန်ုပ်တို့သတ်မှတ်ထားသည့်ဥပဒေများနှင့်ပတ်သက်၍ အချက်အလက်လိုအပ်နေပါသလား?** ကျွန်ုပ်တို့ကို (202) 663-4691 မှာခေါ်ဆိုနိုင်သလို အီးမေးလ်လည်းပို့နိုင်သည် olc@eeoc.gov။
- **သင့်လုပ်ငန်းနှင့်ပတ်သက်၍** ***ခွဲခြားဆက်ဆံခြင်းတရားစွဲဆိုမှုအကြောင်းမေးစရာများရှိပါသလား ?*** သင်၏စွဲဆိုမှုကိုတာဝန်ပေးထားသည့် EEOC စုံစမ်းစစ်ဆေးသူကိုဆက်သွယ်ပါ။ သင့်ထံမှာကြားရဖို့ကျွန်ုပ်တို့မျှော်လင့်ပါသည်!

နောက်ထပ်အချက်အလက်ရယူရန် သင့်၏နယ်ခံ EEOC အသေးစားလုပ်ငန်းအရာရှိကိုဆက်သွယ်ပါ (http://www.eeoc.gov/employers/contacts.cfm)"